
ရှင်သန်မြန်မာ၊ အတ္ထုပ္ပတ္တိ

mgyoe.com

စွယ်စုံအနုပညာရှင်

# ဝင်းဖေ



mgyoe.com

စာသား - မောင်ကိုကို(အမရပူရ)၊ သရုပ်ဖော် - မင်းနိုင်

mgyoe.com

ကလေးလူငယ်များအတွက်နှင့်
စာဖတ်ကျင့်ရရှိရေး ရည်ရွယ်စီစဉ်သော
အခြေခံမိတ်ဆက်စာစဉ် (အတ္ထုပ္ပတ္တိ)

ISBN 9789997119186
BBU2
9 789997 119186
1,000.00KS

mgyoe.com

ဝင်းပေ၊ မောင်ကိုကို(အမရပူရ)နှင့် မင်းနိုင်
မျက်နှာဖုံးပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၇၅ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ • ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

အခြေခံမိတ်ဆက်စာစဉ်

# ဝင်းဖေ

စာသား – မောင်ကိုကို(အမရပူရ)

သရုပ်ဖော် – မင်းနိုင်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

•

✷ စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ် လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ... အစ ရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံ မိတ်ဆက်စာစဉ်များ ဖြစ်ပါသည်။

✷ ဤအစီအစဉ်များတွင် အရုပ်နှင့် အရောင်များသော အစဉ်အလာ မြန်မာပုံပြင်များ၊ ထင်ရှားသော မြန်မာလူမျိုး ပုဂ္ဂိုလ်များ၏ ဘဝထုပ္ပတ်အကျဉ်းများ၊ လေ့လာမှတ်သား ဖွယ် မြန်မာစာပေမိတ်ဆက်များ ပါဝင်ထွက်ရှိသွားမည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com



# ဝင်းဖေ

စာသား - မောင်ကိုကို(အမရပူရ)

သရုပ်ဖော် - မင်းနိုင်

mgyoe.com

mgyoe.com


ဝင်းဖေ။

မန္တလေးမြို့တွင် ပန်းချီပန်းပု အနုပညာကျောင်းအုပ်ကြီး လုပ်ခဲ့ဖူးသည်။

ဝင်းဖေ။

ရုပ်ရှင်ဒါရိုက်တာ လုပ်ခဲ့ဖူးသည်။

ဝင်းဖေ။

ဝတ္ထုတိုများ ရေးပြန်သည်။

အမေရိကန်ပြည်ထောင်စုသို့ ထွက်သွားသည်။ လေလှိုင်းမှတစ်ဆင့် အသံလွှင့်ခဲ့သည်။ မြန်မာနိုင်ငံသို့ ပြန်လာသောအချိန်မှာ အခရိုင်းလစ်ပန်းချီကားကြီး များစွာ ရေးသည်။

သူ ပြုလုပ်ခဲ့သမျှမှာ ထိပ်ဆုံးက အောင်မြင်သည်။

ဝင်းဖေ . . . ။



mgyoe.com





mgyoe.com

mgyoe.com




mgyoe.com

mgyoe.com



ဝင်းဖေကို ၁၉၃၅ ခုနှစ်၊ ဇွန် ၆ ရက်မှာ မန္တလေးမြို့တွင် မွေးဖွားခဲ့သည်။

ဝင်းဖေသည် ဖခင် ရွှေပြည် ဦးဘတင်၏ ဆန္ဒအရ ငယ်စဉ်က အမျိုးသားကျောင်းမှာ ကျောင်းတက်ခဲ့၏။

ဝင်းဖေ၏ အိမ်အမည်မှာ 'အညို'ဖြစ်သည်။

"အညို ... မင်း အမျိုးသားကျောင်းမှာ မြန်မာသီချင်းတွေ ဆိုရတယ်။ အဲဒါကောင်းတယ်။ အနုပညာဟာ အခြေခံပညာရေးမှာ ပါဝင်ရတယ်။ ကျောင်းသားဟာ ငယ်စဉ်မှာ အနုပညာကို သင်ယူရမယ်။ ကြီးလို့ ကြိုက်ရင် ဆက်လုပ်၊ မကြိုက်ရင် ဆက်မလုပ်နဲ့။ မင်းကို အဖေ ပတ္တလား ဝယ်ပေးထားမယ်။ အိမ်မှာ ပတ္တလား တီးကွာ"

F_2A

mgyoe.com

mgyoe.com





ဖခင် ရွှေပြည် ဦးဘတင်သည် ဝင်းဖေကို ကိုယ်တိုင် ပတ္တလား သင်ပေး၏။

နောက်တော့ ဆရာခေါ်ပြီး ဝင်းဖေကို ပတ္တလား သင်ပေးစေ၏။

mgyoe.com



၁၉၄၂။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားချိန်တွင် ဝင်းဖေသည် ခုနစ်နှစ်သား အရွယ်သို့ ရောက်ပြီ။

ဝင်းဖေသည် ကလေးဘဝက ကိုယ့်အိမ်မှာကိုယ် ပျော်ရွှင် လွတ်လပ်စွာ နေထိုင်ခဲ့၏။

စစ်ကြီးစဖြစ်ချိန်တွင် သူသည် ပထမတန်း စာသင်ခန်းထဲမှာ ဖြစ်၏။

mgyoe.com


mgyoe.com

mgyoe.com





မန္တလေးမြို့ပေါ်သို့ စစ်လေယာဉ်တွေ ဝဲပျံလာနေမည်။

အထင်ကရ သာသနိက အဆောက်အအုံများနှင့် ကြီးမားထင်ရှားသော အဆောက်အအုံများပေါ်သို့ ဗုံးများ ကြဲချလိုက်၏။

သူ၏ ကျောင်းသည် မီးလောင်သွားပြီ။

မန္တလေးမြို့မှာ လူများသည် အောက်ဟစ်ဆူညံနေ၏။

ပြေးကြ၊ လွှားကြ။

ပုန်းကြ၊ ခိုကြ။

သား ပျောက်သူ။

သမီး ပျောက်သူ။

မိခင် ပျောက်သူ။

ဖခင် ပျောက်သူ။

မန္တလေးမြို့သည် စစ်အနိဋ္ဌာရုံတို့ဖြင့် ရှန်းရင်းဆန်ခတ် ဖြစ်သွား၏။

mgyoe.com

mgyoe.com





မန္တလေးမြို့က မြို့သူမြို့သားများသည် ဗုံးအန္တရာယ်မှ လွတ်ရာလွတ်ကြောင်း ပြေးကြ၏။ တောရွာများသို့ ပြေးကြ၏။ ကျောင်းရှေ့က ခြသေ့်ကြီးသည် ဗုံးဒဏ်ကြောင့် ပျက်စီးခဲ့ပြီ။

စစ်ကိုင်းတောင်က ချောင်များသို့လည်း ပြေးကြ၏။

ဝင်းဖေသည် မိသားစုနှင့်အတူ လိုက်ပါ ပြေးလွှားရ၏။

ပထမပိုင်းကာလတွင် စစ်ကိုင်းတောင် ခေမာသကချောင်တွင် စစ်ကို တိမ်းရှောင်သည့်သဘောဖြင့် ခိုလှုံကြ၏။

mgyoe.com

mgyoe.com





ခေမာသကချောင်သည် စစ်ကိုင်းမြို့နှင့် နီး၏။

စိုးရိမ်ကြ၏။

မလုံမခြုံဟု ခံစားကြရ၏။

စစ်ကိုင်းတောင်၏ အတွင်းသားထဲသို့ ဆက်လက်တိုးဝင်ကြ၏။

စစ်ကိုင်းတောင်၏ ချောင်အကျဆုံးအပိုင်းသို့ ပြောင်းရွှေ့ကြ၏။

လေယာဉ်ပေါ်မှ ပစ်ချသော ဗုံးများနှင့် ကင်းလွတ်ရာဒေသတွင် နေထိုင်ကြရသည်။

mgyoe.com



mgyoe.com





တောတောင်လျှိုမြောင်ဒေသသည် စစ်ဖြစ်နေချိန်တွင် အလုံခြုံဆုံး၊ စိတ်အချရဆုံးဖြစ်၏။

"လာကွာ၊ အဖေတို့ မြန်အောင်ချောင်ကို ပြောင်းရွှေ့ကြမယ်"

အဖေက သူ့လက်ကို ဆွဲ၏။

စစ်ကိုင်းချောင်မှာ သုံးနှစ်ကြာသည်အထိ ကမ္ဘာကြီးပေါ်မှာ စစ်မီးများ လောင်နေဆဲပင် ဖြစ်၏။

mgyoe.com

mgyoe.com


mgyoe.com

mgyoe.com



စစ်ကြီး ဖြစ်ဖြစ်၊ မဖြစ်ဖြစ်။

သေနတ်တွေ ပစ်ပစ်၊ မပစ်ပစ်။

ဗုံးတွေ ကြဲကြဲ၊ မကြဲကြဲ။

ဝင်းဖေကတော့ စစ်ကိုင်းတောင်ပေါ်မှာ ကဲသည်။ ဆော့သည်။ နေပူပူ၊ မိုးရွာရွာ၊ နှင်းကျကျ ဝင်းဖေကတော့ စစ်ကိုင်းတောင်အနံ့ လိမ့်၏။


စစ်ကိုင်းတောင်၏ အရှေ့ဘက်မှာ ဧရာဝတီမြစ်ကြီးက စီးဆင်းနေ၏။

ပြာသော ကောင်းကင်ကြီးအောက်မှာ ဧရာဝတီမြစ်ကြီးသည် အပြာရောင်ဖြင့် စီးဆင်းနေ၏။

ရွက်လွှင့်ထားသော လှေသည် ဧရာဝတီမြစ်ကြီးထဲမှာ တအိအိ မျှောပါလျက်။

ဝင်းဖေသည် စစ်ကိုင်းတောင်ပေါ်ကနေ ဧရာဝတီမြစ်ကို ကြည့်ပြီး စိတ်လှုပ်ရှားနေ၏။

mgyoe.com




ဝင်းဖေသည် စစ်ကိုင်းတောင်ပေါ်မှ ဧရာဝတီမြစ်ဆီသို့ ပြေးဆင်း
သွား၏။

သူ ရေကူးတတ်သည်။

ဟိုကူး သည်ကူး၊ ဟိုလူက သင်၊ သည်လူက သင်နှင့် ကူးတတ်ခဲ့၏။

သူသည် ဧရာဝတီဆီသို့ ပြေးဆင်းသွား၏။

mgyoe.com



ရောဝတီမြစ်ထဲမှာ ဝါးဖောင်ကြီး ရှိ၏။ ဝင်းဖေသည် ဝါးဖောင်ပေါ်သို့ ပြေးတက်သွား၏။

ဝင်းဖေသည် ဝါးဖောင်၏ အစွန်းမှာ ရပ်နေ၏။ မကြာပါ။ သူသည် ရောဝတီမြစ်ထဲသို့ ဒိုင်ဗင်ထိုးချလိုက်၏။

mgyoe.com

mgyoe.com

mgyoe.com





ဝင်းဖေသည် စီးဆင်းနေသော ရောဝတီမြစ်၏ အောက်သို့ နစ်မြုပ်သွား၏။

ဝင်းဖေသည် ဝါးဖောင်ကြီးအောက်သို့ ရောက်သွား၏။

ဝါးဖောင်ကြီးသည် ရှည်လျားလှ၏။ ကျယ်ပြန့်လှ၏။

ဝင်းဖေသည် ရေအောက်မှာ ငုပ်လျက် ဝါးဖောင်အောက်က လွတ်မြောက်သွားအောင် ကြိုးစားခဲ့၏။

အပေါ်တက်လိုက်တိုင်း ဝါးတွဲများနှင့် တိုးတိုက်နေမိ၏။

ရေအောက်မှာ အချိန်အကြာကြီး ဟိုရွေ့ဒီရွေ့ ရွေ့နေရ၏။

mgyoe.com

mgyoe.com





နောက်ဆုံးမှ ဝါးဖောင်၏ အစွန်းကို ရေအောက်ကနေ စမ်းမိသည်။

ဝင်းဖေသည် ရေမျက်နှာပြင်အပေါ်သို့ ဘွားခနဲ ပေါ်လာ၏။

“ဟေး ... ငါ မသေတော့ဘူးကွ”

ဝင်းဖေသည် အသက်ကို ဝအောင် ရှူလိုက်၏။

ကောင်းကင်ကြီးက ပြာလွင်ဆဲ။

ဧရာဝတီ မြစ်ရေပြင်သည်လည်း ပြာမြဲပြာလျက်။

ဧရာဝတီသည် ဝင်းဖေ၏ အချစ် ဖြစ်ပါသည်။

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com



ရောဝတီမြစ်ထဲမှာ သူသည် သေကံမရောက် သက်မပျောက် ဖြစ်ဖူး၏။

ရောဝတီမြစ်ထဲမှာ အကြာကြီး ရေစိမ်နေရခြင်း။

ရောဝတီမြစ်ထဲမှာ လက်ပစ်ကူးရခြင်း ...တို့ကို

သူ ကြုံကြိုက်၏။

ရောဝတီမြစ်ထဲကနေ တက်လာသည်။ စစ်ကိုင်းတောင်ပေါ်သို့ သူ တက်ခဲ့၏။

သူ့အသားတွေမှာ ပဲကို ရေထဲမှာ နူးအောင် စိမ်ထားသလို ဖြစ်နေ၏။

နေနှင့်ရေက သူ့ကိုယ်ပေါ် ဖိစီးခဲ့တော့ အသားတွေကလည်း ပြာနှမ်းလို့။

သူ့ဘဝမှာ ဘယ်သောအခါမှ မမေ့သည်မှာ ရောဝတီမြစ်ကြီးနှင့် စစ်ကိုင်းတောင် ဖြစ်ပါသည်။

mgyoe.com